Shwe Taung Group

BreadTalk®

သတင်းထုတ်ပြန်ချက်

# Shwe Taung Group နှင့် BreadTalk တို့ မြန်မာနိုင်ငံတွင် အတူပူးပေါင်းလုပ်ကိုင်မည်




BreadTalk new concept store at Vivo City Singapore.

Photo courtesy of BreadTalk Singapore

မြန်မာနိုင်ငံ - ၂၀၁၆ မေလ (၃) ရက် - BreadTalk Group Limited ပိုင် ကုမ္ပဏီတစ်ခုဖြစ်သည့် BreadTalk Pte. Ltd. နှင့် Shwe Taung Group အဖွဲ့ဝင်ဖြစ်သည့် Myanmar Bakery Co., Ltd တို့ မြန်မာနိုင်ငံတွင် BreadTalk Bakery ဆိုင်များ စတင်ဖွင့်လှစ်လုပ်ကိုင်ရန်အတွက် ပူးပေါင်းလုပ်ကိုင်မှု သဘောတူစာချုပ်အား ယနေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီချက်အရ Myanmar Bakery Co., Ltd သည် မြန်မာနိုင်ငံတွင် မာစတာ Franchise ရယူကာ Bakery ဆိုင်ခွဲများ ဖွင့်လှစ်လုပ်ကိုင်မည် ဖြစ်သည်။

BreadTalk ၏ ဆိုင်ခွဲများသည် အဓိကဈေးကွက်ဖြစ်သော Singapore, Mainland China, Hong Kong, Indonesia, Thailand and the Middle East အပါအဝင် နိုင်ငံပေါင်း (၁၆) နိုင်ငံတွင် ဆိုင်ခွဲပေါင်း (၈၀၀) ခန့် အား အောင်မြင်စွာ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပြီး အဆိုပါပူးပေါင်းမှုအရ BreadTalk သည် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာခြင်းဖြစ်သည်။  BreadTalk ၏ ဆန်းသစ် တီထွင်သော အမှတ်တံဆိပ် အစားအသောက်လုပ်ငန်းနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းစုဖြစ်သည့် Shwe Taung Group ၏ ကျယ်ပြန့်သော

စားသုံးသူအုပ်စု၊ ၎င်း၏ ထင်ရှားကျယ်ပြန့်သော အိမ်ခြံမြေအတွေ့အကြုံ တို့အား ပေါင်းစပ်လုပ်ကိုင်ခြင်း ဖြစ်သည်။

ပထမဦးဆုံးသော BreadTalk ဆိုင်ခွဲအား ရန်ကုန်မြို့ရှိ Shwe Taung Group မှပိုင်သော shopping centre တစ်ခု၌ ၂၀၁၇ နှစ်ဦးပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ Shwe Taung Group သည် Junction Centre group of shopping centres အား ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိပြီး ရန်ကုန်မြို့တွင် shopping centre (၄) ခု နှင့် နေပြည်တော်တွင် (၁) ခု ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် ရန်ကုန်မြို့လည်တွင် တည်ရှိသော ကမ္ဘာ့အဆင့်မီဖွံ့ဖြိုးရေးအသွင်သဏ္ဍာန်မျိုးစုံ ပေါင်းစည်းထားသည့် Junction City အား Shwe Taung Group မှ Master Developer အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၇ နှစ်ဦးပိုင်းတွင် ဖွင့်လှစ်မည့် Phase1 တွင် စိတ်လှုပ်ရှားဖွယ် လူမှုဘဝပုံစံရှိသည့် shopping centre ၊အဆင့်မြင့် ရုံးခန်းနေရာများပါဝင်သည့် Grade A office tower ၊ကြယ်ငါးပွင့် အဆင့်ရှိသည့် luxury hotel တို့ပါဝင်သည်။

"မြန်မာနိုင်ငံ၏ မြင့်မားလာသော လူလတ်တန်းစား နှင့် တိုးပွားလာသော လက်လီရောင်းချမှု Retail လုပ်ငန်းများသည် BreadTalk အတွက် အတိုင်းမသိတိုးတက်နိုင်သော အခွင့်အလမ်းပင်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ Singapore အဖွဲ့သည် မြန်မာနိုင်ငံ၏ ဈေးကွက်အနေအထားကို သိရှိနိုင်ရန် Shwe Taung Group နှင့်အတူတကွ ပူးတွဲလုပ်ဆောင်မှာဖြစ်ပြီး၊ ရန်ကုန်မြို့တွင် ပထမဆုံးသော BreadTalk ၏ boutique Bakery ဆိုင်ဖြစ်မည်ကို အပြည့်အဝ ယုံကြည်ပါကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းဖော် ဖြစ်သော Shwe Taung Group ၏ ကတိနှင့်စွမ်းဆောင်အားသည် ယခုကဲ့သို့ ကြီးထွားလျက်ရှိသော ဈေးကွက်အတွင်းရှိ လူလတ်တန်းစားများအကြား ပေါင်မုန့်လုပ်ငန်းပုံစံအသစ်အား သိရှိခံစားနိုင်ရန် မိတ်ဆက်နိုင်မည်ဟု ယုံကြည်ပါကြောင်း" Mr. Tan Aik Peng (Chief Executive Officer, Bakery Division) မှ ပြောကြားထားသည်။

ထို့အတူ ဒေါက်တာ ဒေါ်စန္ဒာထွန်း (Deputy Managing Director, Shwe Taung Group) မှ

"ကျွန်မတို့အနေနဲ့ အခုလို BreadTalk နဲ့ ပူးပေါင်းလက်တွဲခွင့်ရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အာရှမှာ BreadTalk ဟာ လူသိများတဲ့ အမှတ်တံဆိပ်ကောင်းတစ်ခုဖြစ်ပါတယ်။ အခုလို အထင်ကရ Bakery ကို မြန်မာနိုင်ငံကို ရောက်ရှိအောင် ဆောင်ရွက်နိုင်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ မြန်မာနိုင်ငံမှာ Bakery လုပ်ငန်းကို ဦးဆောင်နိုင်တဲ့ အမှတ်တံဆိပ်ဖြစ်စေဖို့ BreadTalk နဲ့ အတူတကွ ပူးပေါင်းလုပ်ဆောင်ဖို့ မျှော်လင့်ပါတယ်" ဟူ၍ လည်းကောင်း၊

"မြန်မာနိုင်ငံမှာ Shwe Taung Group အနေဖြင့် ပထမဦးဆုံးလုပ်ကိုင်သည့် အစားအသောက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအတွက် ထူးခြားကောင်းမွန်တဲ့ လက်တွဲလုပ်ကိုင်မှုတစ်ခုဖြစ်ပါကြောင်း၊ ကြီးထွားဖွံ့ဖြိုး

လာနိုင်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် ခေတ်မီဆန်းသစ် စိတ်လှုပ်ရှားဖွယ် Café and Restaurants, Fast Food Chains နဲ့ Modern Food Courts တို့ကို မိတ်ဆက်လုပ်ကိုင်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ food and beverage လုပ်ငန်းမှာ ဦးဆောင်အောင်မြင်သူတစ်ဦး ဖြစ်လာနိုင်မယ်လို့ ကျွန်မတို့ မျှော်မှန်းပါတယ်” ဟူ၍ လည်းကောင်း၊ ပြောကြားသည်။

###

**BreadTalk Group Limited အကြောင်း**

၂၀၀၀ ခုနှစ် တွင် စတင်တည်ထောင်သည့် BreadTalk Group Limited သည် ၎င်း၏ ကမ္ဘာ့အဆင့်အတန်းမီ bakery, restaurant နှင့် food atrium footprints လုပ်ငန်းများအား လျှင်မြန်စွာ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သဖြင့် လူသိများထူးခြားသော အမှတ်တံဆိပ်ကို ရရှိပိုင်ဆိုင်သူ ဖြစ်သည်။ ၎င်း၏ အမှတ်တံဆိပ်တွင် BreadTalk, Toast Box, Food Republic, Din Tai Fung, The Icing Room, Bread Society, RamenPlay, Thye Moh Chan နှင့် တရုတ်နိုင်ငံရှိ Carl’s Jr. တို့ပါဝင်သည်။ The Group အနေဖြင့် China, Singapore, နှင့် the Middle East အပါအဝင် နိုင်ငံပေါင်း (၁၆) နိုင်ငံတွင် ဆိုင်ခွဲပေါင်း (၁၀၀၀) နီးပါးအား ဝန်ထမ်းအင်အား စုစုပေါင်း (၇၀၀၀) ဖြင့် လုပ်ကိုင်လျက်ရှိသည်။ Singapore နှင့် Thailand တွင် Din Tai Fung restaurant ပေါင်း (၂၀) ကျော်အား ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပြီး China, Singapore, Hong Kong, Malaysia, Taiwan နှင့် Thailand ရှိ Food Republic food atria များသည် ဆုတံဆိပ်ပေါင်း (၆၀) ကျော်အား ရရှိပိုင်ဆိုင်ထားသည်။

**BreadTalk အကြောင်း**

BreadTalk သည် နိုင်ငံတကာအသိအမှတ်ပြုမှုအပါအဝင် Singapore မှ ဆုတံဆိပ်များကို ရရှိထားပြီး ကောင်းမွန်ဆန်းသစ်သော ပေါင်မုန့်၊ ကိတ်မုန့် အစရှိသည့် မုန့်လုပ်ငန်းအား တမူထူးခြားစွာ ဖန်တီးထုတ်လုပ်နိုင်မှုကြောင့် နာမည်ကြီးထင်ရှားသည်။ BreadTalk သည် စီပွားရေးလုပ်ငန်းနယ်ပယ်တွင် သာမက စားသုံးသူများအကြားတွင်လည်း အမှတ်တံဆိပ်ကောင်းအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ၎င်း၏ အမှတ်တံဆိပ်အား နိုင်ငံတကာအသိအမှတ်ပြုမှုတွင် ၂၀၁၄ ခုနှစ် ပြင်သစ်၌ World Retail Awards နှင့် ၂၀၁၅ ခုနှစ် “Brand of the Year” အတွက် London-based World Branding Awards တို့ ပါဝင်သည်။ ထို့ပြင် ၂၀၁၃-၂၀၁၅ တွင် Singapore Influential Brands Awards ၏ Franchise and

Shwe Taung Group

BreadTalk®

Bakery အတွက် Top Brand အနေဖြင့် စားသုံးသူများ၏ထောက်ခံမှုကိုရရှိသည့်အပြင် Shanghai ၌ World Brand Laboratory Award ၏ Five Star Diamond Brand Award နှင့် အခြားသော ဆုတံဆိပ်များကိုလည်း ရရှိပိုင်ဆိုင်ထားသည်။

**Shwe Taung Group အကြောင်း**

၁၉၉၀ ပြည့်လွန်နှစ်များတွင် တည်ထောင်ခဲ့သည့် Shwe Taung Group သည် စီးပွားရေး လုပ်ငန်းခွဲပေါင်းများစွာဖြင့် အိမ်ခြံမြေလုပ်ငန်း၊ ပိုင်ဆိုင်မှုဆိုင်ရာ စီမံခန့်ခွဲခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံ၊ ကုန်သွယ်မှုနှင့် အာမခံလုပ်ငန်းများ အပါအဝင် စီးပွားရေးကဏ္ဍများစွာတွင် ဖြန့်ကျက်လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် BMW မော်တော်ယာဉ်များကို ဖြန့်ဖြူးရောင်းချခွင့် ရရှိထားသူလည်းဖြစ်သည်။ Shwe Taung Group သည် မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်ဝသည့် အိမ်ခြံမြေ စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့် မှတ်တမ်းကောင်းများကိုလည်း ရရှိထားပြီး မြေဧက စုစုပေါင်း ၈၀၀ ကျော်ခန့်တွင် စီမံကိန်းပေါင်း (၅၀) ကျော်ကို တည်ဆောက် အကောင်အထည်ဖော်ခဲ့သည်။ Crystal Tower ၊ Crystal Residences ၊ Junction Square ၊ Union Business Centre ၊ Union Financial Centre နှင့် ရန်ကုန်မြို့တွင် မကြာမီပေါ်ထွက်လာတော့မည့် Junction City တို့သည် Shwe Taung Group ၏ ထင်ရှားသည့် စီမံကိန်းများဖြစ်သည်။ ၂၀၁၃ ခုနှစ်မှစ၍ United Nations Global Compact တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လျက်ရှိသည့် Shwe Taung Group သည် တာဝန်ယူမှုရှိသော၊ တာဝန်သိ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် မြန်မာနိုင်ငံတွင် လူမှုရေးဆိုင်ရာ တာဝန်သိမှုအစီအစဉ် အများအပြားကို ဆောင်ရွက် ပေးခြင်းသည် လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်အတွက် အထောက်အကူပြုကြောင်း အခိုင်အမာ ယုံကြည်လျက် အားသွန်ခွန်စိုက် ဆောက်ရွက်လုပ်ကိုင်လျက် ရှိသည်။

**<u>မီဒီယာများ ဆက်သွယ်ရန်</u>**


**BreadTalk Private Limited**
Tan Lee See
Email: leesee.tan@breadtalk.com
Tel: 62856116 Ext 399

**Shwe Taung Group**
Aye Mon Thu
Email: ccd.stg@shwetaunggroup.com
Tel: +95 9 795 919 100